ARAKAN NATIONAL NETWORK
ရခိုင်အမျိုးသားကွန်ရက်
အမှတ်(၄)၊ အခန်း(၅၁ဘီ)၊ ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ရုံးဖုန်း-၀၉-၄၂၁၀၇၄၃၉၈၊ ၀၉-၇၃၂၅၄၄၄၃၊ ၀၉-၄၅၀၀၅၀၂၂၈
Email:ann1785it@gmail.com, Facebook:arakannationalnetwork
Website http://www.annarakan.org

# ဒေါ်အောင်ဆန်းစုကြည်၏ ရခိုင်ခရီးစဉ်နှင့်ပတ်သက်သော သဘောထားထုတ်ပြန်ချက်

ရက်စွဲ။ ။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ(၁၆)ရက်

စာအမှတ်။ ။ ၂/ ၂၀၁၅

ကွဲပြားစရာအကြောင်းအရာများ မည်သို့ပင်ရှိစေကာမူ ကျွန်ုပ်တို့အနေဖြင့် သမိုင်းကြောင်း အစဉ်အလာဂုဏ်သိက္ခာအရ အိမ်ရှင်မှဧည့်သည်အပေါ် ဧည့်ဝတ်တရားကျေပွန်ရမည်ဖြစ်သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ ရခိုင်ပြည်ခရီးစဉ်အား ကျွန်ုပ်တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ ဂုဏ်ယူဝမ်းမြောက် ကြိုဆိုပါသည်။

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်လည်း အဆိုပါခရီးစဉ်အတွင်း NLDပါတီစည်းရုံးရေးကိစ္စများအပြင် ရခိုင်ပြည်သူတို့လက်ရှိခံစားနေရသော လူမှုဒုက္ခအဖုံဖုံကို လက်တွေ့ခံစားသိမြင်လာပြီး နောင်အနာဂတ်ကာလ၌ ရခိုင်တိုင်းရင်းသားတို့ဘက်မှ ပိုမိုရပ်တည်ရှုန်းကန်လာမည်ဟု ကျွန်ုပ်တို့အနေဖြင့် မျှော်လင့်မိပါသည်။

ကျွန်ုပ်တို့၏ အဆိုပါမျှော်လင့်မှုသည် ပိုမိုခိုင်မာလာစေရန်အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် NLDပါတီ၏ ရိုးသားပြီးရှင်းလင်းတိကျသော သဘောထားများ၊ နိုင်ငံရေးအရတည်ကြည်မှုနှင့် အပြန်အလှန်ယုံကြည်ပြီး ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ကသာ ကျွန်ုပ်တို့အားလုံး၏ အနာဂတ်ကို ပိုမိုလှပစေမည်ဖြစ်ပါသည်။ သို့ဖြစ်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ ရခိုင်ပြည်ခရီးစဉ် အောင်မြင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။ ။

ရခိုင်အမျိုးသားကွန်ရက်(ANN)။